အသင်တို့၏ (လောကီ)မီးသည် ဂျဟန္နမ်ငရဲမီး၏ အပုံ(၇ဝ)ပုံတစ်ပုံမျှသာဖြစ်သည်။

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အသင်တို့၏ (လောကီ)မီးသည် ဂျဟန္နမ်ငရဲမီး၏ အပုံ(၇ဝ)ပုံ တစ်ပုံမျှသာဖြစ်သည်။ ဆွဟာဗဟ်များက
အို- အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် ဤလောကမီးဖြင့်ပင် (အပြစ်ကျူးလွန်သူများအားပြစ်ဒဏ်ခတ်ရန်)လုံလောက်ပါသည်ဟု လျှောက်ထားကြသည်။ ကိုယ်တော်ကမိန့်ကြားတော်မူသည်မှာ- ဂျဟန္နမ်ငရဲမီး၏အပူရှိန်သည်လောကီမီးထက် အဆပေါင်း
(၆၉)ဆသာပိုပြီး တစ်ဆတိုင်း တစ်ဆတိုင်းသည် လောကီမီးနှင့်ညီမျှ၏။
[صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က လောကီ၏မီးသည် ဂျဟန္နမ်ငရဲမီး၏အပုံ(၇ဝ)ပုံ တစ်ပုံမျှသာဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့သည်။ ထို့ကြောင့် ငရဲမီး၏အပူရှိန်သည် လောကီမီးထက် အဆပေါင်း (၆၉)ဆ ပို၍ပြင်းထန်ပြီး တစ်ဆတိုင်းသည်လောကီမီး၏အပူရှိန်နှင့်ညီမျှသည်။ ထိုအခါ ကိုယ်တော့်အား အို အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် ဤလောက၏မီးဖြင့်ပင် ပြစ်ဒဏ်ခတ်ရန်လုံလောက်ပါသည်ဟု လျှောက်ထားခဲ့ကြရာကိုယ်တော်က ဂျဟန္နမ်ငရဲမီး၏အပူရှိန်သည် လောကီမီးထက် အဆပေါင်း(၆၉)ဆ သာပိုပြီးတစ်ဆတိုင်း တစ်ဆတိုင်းသည် လောကီမီး၏ အပူရှိန်နှင့်ညီမျှသည်ဟုမိန့်ကြားတော်မူခဲ့သည်။

http://www.sunnah.global/hadeeth/my/show/65036